MAERSK

**ရက်စွဲ ။ ။ ၇ ရက်/ ဇူလိုင်/ ၂၀၂၆**

**<u>Payment Receipt ရယူခြင်းလုပ်ငန်းစဉ်အား MyFinance Self-Service သို့ အဆင့်မြှင့်ပြောင်းလဲခြင်းဆိုင်ရာ အသိပေးချက်</u>**

လေးစားအပ်ပါသောလူကြီးမင်းများခင်ဗျာ။

လူကြီးမင်းတို့၏ အတွေ့အကြုံကိုပိုမိုကောင်းမွန်စေရန်နှင့် လုပ်ငန်းစဉ်ကိုလွယ်ကူရိုးရှင်းစေရန် လူကြီးမင်းတို့ ပုံမှန်တောင်းခံလျှက်ရှိသော Payment Receipt များကို 01.Aug.26 မှစတင်၍ Email ဖြင့်တောင်းခံခြင်းအစား MyFinance မှတဆင့် ကိုယ်တိုင် download ရယူနိုင်ပြီဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သို့ဖြစ်ပါ၍ Consignee နှင့် Agent Company များအနေဖြင့် အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို 01.Aug.26 မတိုင်မီ လုပ်ဆောင်ပေးဖို့လိုအပ်ကြောင်းတိုက်တွန်းအပ်ပါသည်။

**Option 1: Letter of Authorization (LOA) * ဦးစားပေး ရွေးချယ်သင့်သောနည်းလမ်း***

- Agent Company များအနေ ဖြင့် လူကြီးမင်းတို့၏ သက်ဆိုင်ရာ Customer (သို့မဟုတ်) Consignee များထံမှ LOA ရ ယူထားပြီး MyFinance မှတဆင့် တောင်းဆိုမှုတင်ပြပြီးနောက် သက်ဆိုင်ရာ customer များ၏ Payment Receipt များကို ကိုယ်တိုင် download ရယူနိုင်မည်ဖြစ်ပါသည်။

**Option 2: Consignee Approval**

- Agent Company များအနေဖြင့် လူကြီးမင်းတို့၏ Consignee များထံမှ LOA ရရှိရန် အခက်အခဲရှိပါက MyFinance တွင် download ရယူနိုင်ရန် Bill of lading (BL) များအလိုက် Consignee ၏ approval ကို တောင်းခံရမည်ဖြစ်သည်။ ထို့အပြင် Consignee နှင့် Agent Company နှစ် ဦးလုံးသည် Maersk Website တွင် အကောင့်ဖွင့်ထားရန်လိုအပ်ပါသည်။

**Customer/Consignee များထံမှလိုအပ်သော ပူးပေါင်းဆောင်ရွက်မှု**

- LOA ပေးအပ်ထားသော Consignee များအနေဖြင့် အသုံးပြုခွင့်ပေးထားသည့် Agent တွင် အပြောင်းအလဲရှိပါက Maersk သို့ Email ဖြင့် အချိန်နှင့်တပြေးညီ အသိပေးအကြောင်းကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည်။ အသိပေးအကြောင်းကြားခြင်း မရှိသဖြင့် ဖြစ်ပေါ်လာနိုင်သော ကိစ္စရပ်များအတွက် Maersk မှ တာဝန်ယူဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**E-Detention Letter တောင်းဆိုခြင်း**

- Payment Slip များကို MMRELEASEDESK@maersk.com သို့ ယခင်အတိုင်းပို့ဆောင်ပေးရမည် ဖြစ်ပြီး ငွေပေးချေမှု စစ်ဆေးအတည်ပြုခြင်းနှင့် ဆောင်ရွက်ပေးမှု အချိန်ကာလသည် ယခင်အတိုင်း အလုပ်ချိန် ၃ နာရီခန့် ကြာမြင့်မည် ဖြစ်ပါသည်။

- အလုပ်ချိန် ၃ နာရီခန့် ကြာမြင့်ပြီးနောက် ပုံမှန်အတိုင်း E-Detention letter ကိုတောင်းခံနိုင်ပြီး ပူးတွဲစာရွက်စာတန်း အနေဖြင့် BL Copy (သို့မဟုတ်) 91 Form သာတွဲပေးရန် လိုအပ်ပါသည်။

- ငွေပေးချေမှုကို အတည်ပြုပြီးနောက် E-Detention Letter များကို ပုံမှန်လုပ်ငန်းစဉ်အတိုင်း ပေးပို့သွားမည် ဖြစ်ပါသည်။

အသေးစိတ်မေးမြန်းလိုပါက Maersk Myanmar Limited သို့လည်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေးစားစွာဖြင့်

Maersk Line Myanmar Limited